စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကော်ဖီ

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၆)

## (HS - Code 090111)

## Dried, shelled Coffee








August 2024

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT: 090111 Dries, shelled Coffee (excluding roasted and decaffeinated)

## (HS - Code 090111)

## Dries, shelled beans of species Coffee

**ကော်ဖီစေ့ (HS - Code 090111)**

၁။ ကော်ဖီသီးနှံ၏ မူရင်းဒေသမှာ အီသီယိုးပီးယား နိုင်ငံဖြစ်ပြီး ၁၃ ရာစုတွင် စတင်တွေ့ရှိခဲ့သည်။ ထိုမှတစ်ဆင့် ကော်ဖီပင်သည် အီဂျစ်နိုင်ငံနှင့် ယီမင်နိုင်ငံတို့သို့ ပျံ့နှံ့ခဲ့သည်။ ၁၅ ရာစုနောက်ပိုင်းတွင် အင်္ဂလန်၊ ဘရာဇီးလ်၊ သြစတြေးလျ၊ အမေရိကန်၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၌စိုက်ပျိုးခဲ့ကြသည်။ ၁၇၂၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌လည်းကောင်း၊ ၁၈၅၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း စတင်စိုက်ပျိုးထုတ်လုပ်လာကြသည်။ ယခုအခါ မက္ကဆီကို၊ ကော်စတာရီကာ၊ ဘရာဇီးလ်၊ အီသီယိုးပီးယား၊ အင်ဒိုနီးရှားနှင့်ဗီယက်နမ်အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

၂။ ကော်ဖီပင်သည် ပူနွေးသော တိုင်းပြည်များ၊ အထူးသဖြင့် ပင်လယ်ပြင်အထက်ပေပေါင်း ၁၂၀၀နှင့် ပေ၂၀၀၀ကြားရှိ ရေကောင်းစွာရသော ကုန်းမြင့်ဒေသများတွင် ကောင်းစွာဖြစ်ထွန်းလေ့ရှိသည်။ ကော်ဖီပင်သည် အမြဲစိမ်းအပင်မျိုးဖြစ်၍ ပေ ၃၀ လောက်ထိ ကြီးထွားနိုင်ပြီး အပွင့်ပွင့်သည့်အချိန်မှ အသီးသီးချိန်ထိ ၉လ ကျော်ခန့်ကြာမြင့်သည်။ အပင်စတင်စိုက်ပျိုးပြီး ၃နှစ်မှ ၅ နှစ်အတွင်းတွင် အသီးသီးသည်။ အပင်သက်တမ်း ၇ နှစ်မှ နှစ် ၂၀ အတွင်း အသီးသည် အကောင်းဆုံးအချိန်ဖြစ်ပြီး အရွယ်ရောက်ပြီးသား အပင်တစ်ပင်သည် ၁ နှစ်လျှင် ကော်ဖီသီး ၁၀ ပေါင် (ကော်ဖီစေ့ ၂ပေါင်) ရရှိသည်။ ကော်ဖီပင်မှ ကော်ဖီစေ့ကိုထုတ်၍ ကျန်ရှိသောအသီးခွံအား အခြောက်လှန်းပြီး tea အနေဖြင့်သောက်သုံးကြပြီး ကဖိန်းဓာတ်အားဖြင့် ၄ ပုံ ၁ ပုံ ခန့် ပါဝင်ပါသည်။ ကော်ဖီပင်တွင် အရွက်နှင့် အကိုင်းများဆုံသည့် အရွက်ညှာခွများတွင် အလွန်မွှေးကြိုင်သည့် ပန်းဖြူများ အစုလိုက်ပွင့်တတ်ကြသည်။

၃။ ကော်ဖီတွင် ဗီတာမင်B၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်များကဲ့သို့ သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် အာဟာရများစွာရရှိစေပါသည်။ ဆေးဘက်ဝင်ကော်ဖီအား သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်တွင်း အဆီလောင်ကျွမ်းမှုကို အားပေးကူညီပေးပြီး၊ အသည်းကိုအားကောင်း

လာစေပါသည်။ အသက်ကြီး၍ ခြေတုန်၊ လက်တုန် ရောဂါများ၊  ဆီးချို ရောဂါများစသည်တို့ လျှော့ချပေးနိုင်ကြောင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်မှုအား သက်သာစေသောကြောင့် မာရသွန်၊ ပြေးခုန်ပစ်၊ ကြက်တောင်နှင့် စက်ဘီးစီးစသည့် အားကစားသမားများ အတွက်များစွာသင့်တော်ကြောင်း၊ အရေပြားကင်ဆာ၊ ရင်သားကင်ဆာများ နှင့်အသည်းခြောက်ခြင်း၊ သည်းခြေအိတ်ကျောက်တည်ခြင်း၊ မကြာခဏ မျက်စိပုတ်ခတ်ပုတ်ခတ် လုပ်ခြင်း၊ သွားပိုးစားခြင်း၊ ဂေါက် (ခေါ်) အဆစ်အမြစ်ယောင်ယမ်းနာခြင်း စသည့်ရောဂါများအတွက် ဆေးဖက်ဝင်ကြောင်း၊ ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုကြောင်းနှင့် ကော်ဖီမှုန့်ဖြင့်ပြုလုပ်ထားသည့် ဆပ်ပြာ၊ ကရင်မ်၊ လိုးရှင်းများကို အရေပြားရောဂါရှိသူများက အသုံးပြုသင့်ကြောင်း သိရသည်။

၄။ ကော်ဖီသည် အထက်ပါကျန်းမာရေး အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း မွေးရာပါကိုယ်ခံအားနည်းသူများ၊ ကဖိန်းဓာတ်နှင့် ဓာတ်မတည့်သူများ၊ ကဖိန်းဓာတ်ပြင်းပြင်း သောက်သုံးတတ်သူများသည် ကော်ဖီအမှုန့်ကိုမစစ်ခံဘဲ သောက်မိသည့်အခါ ခန္ဓာကိုယ်အကျိုးယုတ်စေသည့် LDL ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးသွေးကြောရောဂါ၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အာရုံကြောကိုနှိုးဆွ၍ အိပ်မပျော်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုး ရောဂါ၊ အရိုးပါးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း အတွင်းဖုံးလွှာ ထိခိုက်ခြင်း၊ သွားများညိုမည်းခြင်း စသည်တို့ ဖြစ်တတ်သည်။ ထို့ပြင် ကော်ဖီအသောက်များသော ကလေးငယ်များတွင် ခန္ဓာကိုယ်ကြီးထွားမှုနှောင့်နှေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၌ သားလျော၊ သားပျက်ခြင်း စသည့်ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်ပါသည်။

၅။ မြန်မာ့ကော်ဖီကို ၁၈၈၅ ခုနှစ်က စတင်စိုက်ပျိုးခဲ့ပြီး ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယားပြည်နယ်များနှင့် မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြေနိမ့်ကော်ဖီ (Robusta) နှင့် ကုန်းမြင့်ကော်ဖီ (Arabica) ဟူ၍စိုက်ပျိုးလျက်ရှိကြသည်။ မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရေဗီးကားကော်ဖီအမျိုးအစား စိုက်ပျိုးမှုဖြစ်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်နှင့် ရွာငံဒေသများတွင် အဓိကစိုက်ပျိုးလျက်ရှိသည်။ ကျန် ၁၀ ရာခိုင်နှုန်းသည် ရိုဘတ်စတာကော်ဖီ အမျိုးအစားစိုက်ပျိုးမှုဖြစ်ပြီး ကရင်ပြည်နယ်၊ သံတောင်ကြီးဒေသတွင် စိုက်ပျိုးလျက်ရှိသည်။ ရိုဘတ်စတာကော်ဖီသည် အာရေဗီးကားကော်ဖီနှင့် အရသာကွဲပြားမှုရှိပြီး ကဖိန်းဓာတ် ၅၀% မှ ၆၀ % အထိ ပိုများကြောင်း သိရှိရသည်။

၆။ ယခုအခါ ပြည်ပသို့အများဆုံးတင်ပို့လျက်ရှိသည့် မြန်မာ့ကော်ဖီသည် ပြင်ဦးလွင်နှင့်ရွာငံတစ်ဝိုက်မှ အာရေဗီးကားမျိုးများ ဖြစ်ကြပါသည်။ ၎င်းအား ရှမ်းပြည်နယ်နှင့် ရွာငံဒေသများမှ အထူးတန်းဝင်ကော်ဖီ (Specially Coffee) အဖြစ် ထုတ်လုပ်ခဲ့ပြီး ဈေးကောင်းရရှိသဖြင့် ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့် အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

၇။ ရိုဘတ်စတာကော်ဖီသည်လည်း အာရေဗီးကားကော်ဖီနှင့်နှိုင်းယှဉ်ပါက အထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စီးပွားဖြစ်လုပ်ကိုင်နိုင်ရေးအတွက် တိုးချဲ့စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ ကော်ဖီစိုက်တောင်သူ များဝင်ငွေတိုးပွားရေး၊ ဈေးကွက်ဝင်ကော်ဖီများအရောင်းသွက်စေရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေး တို့အတွက် ရိုဘတ်စတာကော်ဖီကိုလည်း သွင်းကုန်အစားထိုးပြီး အရှိန်အဟုန်မြှင့်စိုက်ပျိုးသင့် ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၈။ ၂၀၁၇ ခုနှစ် မေလတွင် နေပြည်တော်၌ ပထမအကြိမ် ကော်ဖီဖိုရမ်ကျင်းပပြီးချိန် နောက်ပိုင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအား ပိုမိုစိတ်ဝင်စားလာသည်ကို တွေ့ရှိရပြီး စိုက်ဧကများလည်းပိုမို တိုးတက်လာခဲ့သည်။ထို့ပြင်မြန်မာ့ကော်ဖီ၏ အရည်အသွေးပိုင်းမှာလည်း တိုးတက်မှုရှိလာခဲ့သော ကြောင့်ရောင်းတမ်းဝင်ဖြစ်လာပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ကာ အတော် အသင့်နေရာ ရရှိလာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ပြည်တွင်းဈေးကွက်တွင်မူ အသင့်သောက်ကော်ဖီ များသာ လွှမ်းမိုးလျက်ရှိသောကြောင့် ပြည်ပပို့ကုန်အတွက် အာရေဗီးကားကော်ဖီ စိုက်ပျိုးထုတ် လုပ်မှုကို အားစိုက်ဆောင်ရွက်သကဲ့သို့ နိုင်ငံအတွင်း ပြည်ပမှတင်သွင်းနေရသည့် အသင့်သောက် ကော်ဖီနေရာများတွင်အစားထိုးနိုင်စေရန် ရိုဘတ်စတာကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုကိုလည်းမြှင့်တင် ဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရသည်။


## ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ်လေ့လာချက်


## ကမ္ဘာ့အများဆုံးကော်ဖီတင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2023**

| No | Importers | Value imported in 2023 (USD thousand) | Quantity imported in 2023 (Tons) | Unit value (USD/unit) | Share in world imports (%) |
|---|---|---|---|---|---|
| 1 | United States of America | 5673081 | 1198870 | 4732 | 20.6 |
| 2 | Germany | 3592503 | 984331 | 3650 | 13.1 |
| 3 | Italy | 2155332 | 643306 | 3350 | 7.8 |
| 4 | Japan | 1424249 | 352308 | 4043 | 5.2 |
| 5 | Belgium | 1144249 | 291506 | 3925 | 4.2 |
| 6 | Switzerland | 1022987 | 182724 | 5599 | 3.7 |
| 7 | France | 949771 | 220951 | 4299 | 3.5 |
| 8 | Canada | 855654 | 185798 | 4605 | 3.1 |
| 9 | Spain | 816831 | 0 | _ | 3 |
| 10 | Netherlands | 766761 | 187612 | 4087 | 2.8 |
| 128 | Myanmar | 322 | 59 | 5458 | 0 |
| | **other** | **9123696** | **-4247406** | **-38290** | **33** |
| | **World** | **27525114** | **0** | | **100** |

Source: ITC Trade Map




Sources: ITC calculations based on UN COMTRADE and ITC statistics

၉။ ၂၀၂၃ ခုနှစ်တွင် ( HS. Code - 090111 ) ကော်ဖီအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်း (၂၀၈)နိုင်ငံရှိသည့်အနက် ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ကနေဒါ၊ စပိန်နှင့် နယ်သာလန်နိုင်ငံတို့အစဉ်လိုက်ရှိပြီး ၎င်းတို့နိုင်ငံများအနက် မြန်မာနိုင်ငံသည် အဆင့်(၁၂၈) တွင်ရှိကြောင်း ITC

Trade Map အရ သိရှိရသည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၂၃ ခုနှစ်တွင် ကော်ဖီသွင်းကုန် တန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၅၆၇၃ ဒသမ ၀၈၁ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၂၀ ဒသမ ၆ ရာခိုင်နှုန်း အများဆုံးတင်သွင်းထားပါသည်။ ထို့နောက် ဂျာမနီကကော်ဖီ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၅၉၂ ဒသမ ၅၀၃ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၃ ဒသမ ၁ ရာခိုင်နှုန်း တင်သွင်းကာ ဒုတိယအများဆုံး၊ အီတလီကသွင်းကုန် တန်ဖိုးကန်ဒေါ်လာ ၆၄၃ ဒသမ ၃၀၆ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၈ ရာခိုင်နှုန်းတင်သွင်းကာ တတိယအများဆုံး ရရှိထားကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကော်ဖီတင် သွင်းသောနိုင်ငံ ၂၀၈ နိုင်ငံရှိပြီး ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၉၉ ဖြင့် ဆွစ်ဇာလန် နိုင်ငံမှ ဈေးအများဆုံး ပေးဝယ်ကြောင်းတွေ့ရှိရပြီး အမေရိကန်ပြည်ထောင်စုမှ ၄၇၃၂ ဒေါ်လာနှင့် ကနေဒါနိုင်ငံမှ ၄၆၀၅ ဒေါ်လာ တို့ပေးဝယ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### မြန်မာနိုင်ငံသို့ ကော်ဖီတင်ပို့သည့် ထိပ်တန်းနိုင်ငံ (၂၀၂၃ ခုနှစ်)

**Fig 2: List of supplying markets for the product imported by Myanmar in 2023**

| No | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Myanmar's imports (%) |
|---|---|---|---|---|---|
| 1 | Viet Nam | 315 | 58 | 5431 | 97.8 |
| 2 | Thailand | 7 | 2 | 3500 | 2.2 |
| | World | 322 | 59 | 5458 | 100 |

Source: ITC Trade Map

၁၀။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကော်ဖီအများဆုံး တင်ပို့သည့်နိုင်ငံများမှာ ITC Trade Map အရ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဈေးကွက်တွင် ၉၇ ဒသမ ၈ ရာခိုင်နှုန်း ဖြင့် ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ဈေးကွက်ရရှိ ထားပါသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင်သာမက အာရှနှင့် မြန်မာတို့၏ ကော်ဖီတင်ပို့မှုတွင် ထိပ်တန်းအဆင့်နိုင်ငံများတွင် ပါဝင်ကြောင်း ၊ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံသို့ကော်ဖီတင်ပို့ရာတွင် လည်းကောင်း၊ မြန်မာ့ကော်ဖီတင်သွင်းရာတွင်လည်းကောင်း နှစ်မျိုးစလုံး၏ ထိပ်တန်းနိုင်ငံဖြစ်ပြီး အာရှတင်သွင်းမှုထိပ်တန်းနိုင်ငံများတွင်လည်းပါဝင်ကြောင်း ITC Trade Map အချက်အလက်အရ တွေ့ရှိရသည်။

## မြန်မာနိုင်ငံမှကော်ဖီအား အများဆုံးတင်သွင်းသည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig3: Top 10 Importers of Myanmar in 2023**

| No | Importers | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in Myanmar's exports (%) |
|---|---|---|---|---|---|
| 1 | Thailand | 7239 | 1444 | 5013 | 73.5 |
| 2 | Belgium | 720 | 157 | 4586 | 7.3 |
| 3 | Japan | 535 | 112 | 4777 | 5.4 |
| 4 | China | 366 | 587 | 624 | 3.7 |
| 5 | United Kingdom | 248 | 51 | 4863 | 2.5 |
| 6 | United States of America | 217 | 27 | 8037 | 2.2 |
| 7 | Saudi Arabia | 163 | 16 | 10188 | 1.7 |
| 8 | Netherlands | 136 | 15 | 9067 | 1.4 |
| 9 | Australia | 66 | 11 | 6000 | 0.7 |
| 10 | Singapore | 46 | 6 | 7667 | 0.5 |
| | other | 111 | 23 | -56801 | 1.1 |
| | World | 9847 | 2449 | 4021 | 100 |

Source: ITC Trade Map

၁၁။ ၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံမှကော်ဖီအား အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ ထိုင်း၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ တရုတ်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ နယ်သာလန်၊ ဩစတြေးလျနှင့် စင်္ကာပူ နိုင်ငံတို့ဖြစ်ကြောင်း ITC Trade Map အချက်အလက်အရ သိရှိရသည်။ ထိုင်းသည် ၇၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံးတင်သွင်းထားပြီး၊ ဘယ်လ်ဂျီယံက ၇ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တင်သွင်းမှုဒုတိယအများဆုံးနှင့် ဂျပန်က ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တင်သွင်းမှုတတိယအများဆုံး ရရှိထားကြောင်း တွေ့ရှိရပါသည်။ ထို့နောက် တရုတ်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ နယ်သာလန်၊ ဩစတြေးလျနှင့် စင်္ကာပူ နိုင်ငံတို့က မြန်မာ့ကော်ဖီအား အစဉ်လိုက်တင်သွင်းလျက်ရှိပါသည်။ မြန်မာ့ကော်ဖီ တင်သွင်းသောနိုင်ငံများအနက် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၁၈၈ ဖြင့် ဆော်ဒီအာရေဗျ နိုင်ငံမှ ဈေးအများဆုံး ပေးဝယ်ကြောင်းတွေ့ရှိရပြီး နယ်သာလန်မှ ၉၀၆၇ ဒေါ်လာနှင့် အမေရိကန် ပြည်ထောင်စုမှ ၈၀၃၇ ဒေါ်လာတို့ ပေးဝယ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ကော်ဖီတင်ပို့မှု

၁၂။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကော်ဖီတင်ပို့ခဲ့သောနိုင်ငံများ၏ ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကော်ဖီ တင်ပို့မှုတန်ဖိုးနှင့် အဆင့် နေရာပြဇယား

**Fig 4: List of exporters for the selected product** Unit: US Dollar thousand

| No | Exporters | Exported value in 2019 | Exported value in 2020 | Exported value in 2021 | Exported value in 2022 | Exported value in 2023 |
|---|---|---|---|---|---|---|
| 1 | Brazil | 4543771 | 4973689 | 5804673 | 8514137 | 7315354 |
| 2 | Viet Nam | 2135113 | 1886972 | 2060092 | 2822756 | 3146996 |
| 3 | Colombia | 2272874 | 2446598 | 3091838 | 3962320 | 2791950 |
| 4 | Honduras | 954728 | 868635 | 1287766 | _ | 1477446 |
| 5 | Ethiopia | 793627 | 793548 | 1185526 | 1507467 | 1218162 |
| 6 | Uganda | 437619 | 514191 | 713154 | 857051 | 950623 |
| 7 | Guatemala | 662546 | 650458 | 926103 | 1112751 | 945901 |
| 8 | Indonesia | 872355 | 809164 | 849373 | 1136296 | 915920 |
| 9 | Belgium | 558692 | 621246 | 784580 | 1127615 | 913493 |
| 10 | Peru | 619656 | 639890 | 756687 | 1234294 | 827514 |
| 49 | Myanmar | 1754 | 1231 | 2084 | 11536 | 9847 |
| | World | 17485501 | 17862387 | 21615050 | 30361015 | 25808979 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၄၉) တွင်ရှိပါသည်။

## ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကော်ဖီ တင်ပို့မှုပမာဏနှင့် အဆင့် နေရာပြဇယား

**Fig 5: List of exporters for the selected product** Unit: Tons

| No | Exporters | Exported quatity in 2019 | Exported quatity in 2020 | Exported quatity in 2021 | Exported quatity in 2022 | Exported quatity in 2023 |
|---|---|---|---|---|---|---|
| 1 | Brazil | 2214595 | 2372599 | 2282771 | 2132095 | 2116566 |
| 2 | Viet Nam | 1388466 | 1208071 | 1163808 | 639450 | 1256910 |
| 3 | Colombia | 750843 | 693071 | 685073 | 624808 | 575804 |
| 4 | Uganda | 276836 | 329372 | 405093 | 370145 | 368721 |
| 5 | Honduras | 411802 | 320566 | 387661 | | 340593 |
| 6 | Indonesia | 355766 | 375556 | 384511 | 434198 | 276302 |
| 7 | Ethiopia | 259638 | 231340 | 303551 | 272936 | 234881 |
| 8 | India | 232565 | 205694 | 263046 | 269948 | 231874 |
| 9 | Belgium | 216800 | 242581 | 262404 | 268373 | 215581 |
| 10 | Peru | 226540 | 213215 | 191600 | 246471 | 204547 |
| 47 | Myanmar | 812 | 303 | 537 | 2666 | 2449 |
| | World | 7706380 | 7475310 | 7583731 | No Quantity | No Quantity |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၄၇) တွင်ရှိပါသည်။

၁၃။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် ကော်ဖီတင်ပို့သောနိုင်ငံ (၁၈၁) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့် (၄၉) နှင့်တန်ဖိုးအားဖြင့် တင်ပို့မှုတွင်အဆင့် (၄၇) နေရာတွင် ရှိနေပါသည်။

## အာရှတွင် ကော်ဖီတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 6: Top 10 Asia Importers in 2023**

| No | Importers | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in world imports (%) |
|---|---|---|---|---|---|
| | Asia Aggregation | 5301434 | | | 19.3 |
| 1 | Japan | 1424249 | 352308 | 4043 | 5.2 |
| 2 | Korea, Republic of | 708432 | 161191 | 4395 | 2.6 |
| 3 | China | 613998 | 139857 | 4390 | 2.2 |
| 4 | Türkiye | 358040 | 93181 | 3842 | 1.3 |
| 5 | Saudi Arabia | 327941 | 74386 | 4409 | 1.2 |
| 6 | Malaysia | 249949 | 71354 | 3503 | 0.9 |
| 7 | Taipei, Chinese | 194495 | 37179 | 5231 | 0.7 |
| 8 | India | 189554 | 90580 | 2093 | 0.7 |
| 9 | Thailand | 187705 | 62162 | 3020 | 0.7 |
| 10 | United Arab Emirates | 182907 | 47683 | 3836 | 0.7 |
| 41 | Myanmar | 322 | 59 | 5458 | 0 |
| | World | 27525114 | 0 | | 100 |

Source: ITC Trade Map

၁၄။ ၂၀၂၃ ခုနှစ်တွင် ကော်ဖီကို အာရှနိုင်ငံများအနက် အများဆုံးတင်သွင်းလျက်ရှိသောနိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ တူကီယဲ၊ ဆော်ဒီအာရေဗျ၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ထိုင်းနှင့် ယူအေအီး နိုင်ငံတို့ဖြစ်ကြသည်။ ဂျပန်သည် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၄၂၄ ဒသမ ၂၄၉ သန်းဖိုးနှင့် အရေအတွက် ၃၅၂,၃၀၈ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ကိုရီးယားက ကန်ဒေါ်လာ ၇၀၈ ဒသမ ၄၃၂ သန်းဖိုးနှင့် အရေအတွက် ၁၆၁,၁၉၁ တန်ဖြင့် ဒုတိယအများဆုံး၊ တရုတ်က ကန်ဒေါ်လာ ၆၁၃ ဒသမ ၉၉၈ သန်းဖိုးနှင့် အရေအတွက် ၁၃၉,၈၅၇ တန်ဖြင့် တတိယအများဆုံးဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။ ထို့နောက် တူကီယဲ၊ ဆော်ဒီအာရေဗျ၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ထိုင်းနှင့် ယူအေအီးနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် အာရှနိုင်ငံများအနက် ကော်ဖီတင်သွင်းမှုမှာအဆင့် (၄၁) တွင်ရှိကြောင်း ITC Trade Map အရ သိရှိရသည်။

## အာရှတွင် ကော်ဖီတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 7. Top 10 Asia exporters in 2023**

| No | Exporters | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in world exports (%) |
|---|---|---|---|---|---|
| | Asia Aggregation | 5063446 | | | 19.6 |
| 1 | Viet Nam | 3147000 | 1256910 | 2504 | 12.2 |
| 2 | Indonesia | 915920 | 276302 | 3315 | 3.5 |
| 3 | India | 741734 | 231874 | 3199 | 2.9 |
| 4 | Lao People's Democratic Republic | 74017 | 19566 | 3783 | 0.3 |
| 5 | China | 67949 | 16584 | 4097 | 0.3 |
| 6 | Singapore | 25758 | 4432 | 5812 | 0.1 |
| 7 | Türkiye | 17973 | 4209 | 4270 | 0.1 |
| 8 | Timor-Leste | 12470 | 4647 | 2683 | 0 |
| 9 | Malaysia | 11112 | 2385 | 4659 | 0 |
| 10 | Myanmar | 9847 | 2449 | 4021 | 0 |
| | World | 25808985 | 0 | | 100 |

Source: ITC Trade Map


၁၅။ ၂၀၂၃ ခုနှစ်တွင် ကော်ဖီကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများမှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်၊ စင်ကာပူ၊ တူကီယဲ၊ တီမောလက်စ်တီ ၊ မလေးရှားနှင့် မြန်မာတို့ဖြစ်ကြသည်။ ဗီယက်နမ်က ကန်ဒေါ်လာ ၃၁၄၇ သန်းဖိုးနှင့် အရေအတွက် ၁၂၅၆၉၁၀ တန်ဖြင့် အများဆုံးရောင်းချခဲ့ပြီး အင်ဒိုနီးရှားက ကန်ဒေါ်လာ ၉၁၅ ဒသမ ၉၂၀ သန်းဖိုးနှင့် အရေအတွက် ၂၇၆၃၀၂ တန်ဖြင့် ဒုတိယအများဆုံး၊ အိန္ဒိယက ကန်ဒေါ်လာ ၇၄၁ ဒသမ ၇၃၄ သန်းဖိုးနှင့် အရေအတွက် ၂၃၁၈၇၄ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်းတွေ့ရသည်။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်၊ စင်ကာပူ၊ တူကီယဲ၊ တီမောလက်စ်တီ ၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် အာရှနိုင်ငံများအနက် ကော်ဖီတင်ပို့မှုမှာအဆင့် (၁၀) တွင်ရှိကြောင်း ITC Trade Map အရ သိရှိရသည်။

## ကမ္ဘာ့ကော်ဖီတင်ပို့သော ထိပ်တန်း(၁၀)နိုင်ငံ(၂၀၂၃)၏ တင်ပို့မှုပမာဏ၊ တန်ဖိုး၊ တစ်တန်ဈေးနှုန်း နှင့်ဈေးကွက်ဝေစုပြဇယား

**Fig 8. Top 10 World exporters in 2023**

| No | Exporters | Value exported in 2023 (USD thousand) | Quantity exported in 2023 | Unit value (USD/unit) | Share in world exports (%) |
|---|---|---|---|---|---|
| 1 | Brazil | 7315354 | 2116566 | 3456 | 28.3 |
| 2 | Viet Nam | 3147000 | 1256910 | 2504 | 12.2 |
| 3 | Colombia | 2791950 | 575804 | 4849 | 10.8 |
| 4 | Honduras | 1477446 | 340593 | 4338 | 5.7 |
| 5 | Ethiopia | 1218162 | 234881 | 5186 | 4.7 |
| 6 | Uganda | 950623 | 368721 | 2578 | 3.7 |
| 7 | Guatemala | 945901 | 181944 | 5199 | 3.7 |
| 8 | Indonesia | 915920 | 276302 | 3315 | 3.5 |
| 9 | Belgium | 913493 | 215581 | 4237 | 3.5 |
| 10 | Peru | 827514 | 204547 | 4046 | 3.2 |
| 49 | Myanmar | 9847 | 2449 | 4021 | 0 |
| | other | 5305622 | -5771849 | -39708 | 20.7 |
| | World | 25808985 | 0 | | 100 |

Source: ITC Trade Map






Sources: ITC calculations based on UN COMTRADE and ITC statistics

၁၆။ ၂၀၂၃ ခုနှစ်တွင် ကော်ဖီ (HS.Code-090111) အများဆုံး တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဘရာဇီးလ်၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ ဟွန်ဒူးရပ်စ်၊ အီသီယိုး ပီးယား၊ ယူဂန်ဒါ၊ ဂွါတီမာလာ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံနှင့် ပီရူး နိုင်ငံတို့ဖြစ်ကြသည်။ ဘရာဇီးလ် ကကန်ဒေါ်လာ ၇၃၁၅ ဒသမ ၃၅၄ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၈ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ ဗီယက်နမ်က ကန်ဒေါ်လာ ၃၁၄၇ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ တတိယနေရာရှိ ကိုလံဘီယာက ကန်ဒေါ်လာ ၂၇၉၁ ဒသမ ၉၅၀ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၀ ဒသမ ၈ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဟွန်ဒူးရပ်စ်၊ အီသီယိုးပီးယား၊ ယူဂန်ဒါ၊ ဂွါတီမာလာ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံနှင့် ပီရူးနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ဂွါတီမာလာက ပထမ၊ အီသီယိုးပီးယားက ဒုတိယ၊ ကိုလံဘီယာက တတိယ၊ ဟွန်ဒူးရပ်စ်က စတုတ္ထနှင့် ဘယ်လ်ဂျီယံက ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ကော်ဖီတင်ပို့သောနိုင်ငံ(၁၅၀)နိုင်ငံရှိပြီး မြန်မာက အဆင့်(၄၉) နေရာ တွင်ရှိသည်။

## EU နိုင်ငံများမှ ကော်ဖီ တင်သွင်းမှု

၁၇။ ၂၀၂၃ ခုနှစ်တွင် ကော်ဖီအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ပြင်သစ် နိုင်ငံတို့ ဖြစ်ကြပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှုရာခိုင်နှုန်းများမှာ တစ်ဖက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

## EU တွင် ကော်ဖီတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၃)

**Fig 9. Top Five EU Importers with the Biggest Growth in value Between 2018 and 2022**

| No | Importers | Annual growth in value between 2019-2023 (%) | Annual growth in value between 2022-2023 (%) |
|---|---|---|---|
| | Europe Aggregation | | |
| 1 | Germany | 13 | -25 |
| 2 | Italy | 17 | -7 |
| 3 | Belgium | 18 | -28 |
| 4 | Switzerland | 17 | -5 |
| 5 | France | 16 | 3 |
| 6 | Spain | 13 | -10 |
| 7 | Netherlands | 17 | -17 |
| 8 | United Kingdom | 11 | -12 |
| 9 | Poland | 15 | 2 |
| 10 | Sweden | 11 | -25 |

source: ITC Trade Map

၁၈။ ကော်ဖီ အများဆုံးတင်သွင်းသော EU ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွက်တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်-

**Fig.10 Top Five Dried, shelled Coffee (excluding roasted and decaffeinated) Importers of EU in 2023**

| No | Importers | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in world imports (%) |
|---|---|---|---|---|---|
| | Europe Aggregation | 13804421 | | | 50.2 |
| 1 | Germany | 3592503 | 984331 | 3650 | 13.1 |
| 2 | Italy | 2155332 | 643306 | 3350 | 7.8 |
| 3 | Belgium | 1144249 | 291506 | 3925 | 4.2 |
| 4 | Switzerland | 1022987 | 182724 | 5599 | 3.7 |
| 5 | France | 949771 | 220951 | 4299 | 3.5 |

source: ITC Trade Map

၁၉။ ၂၀၂၃ ခုနှစ်တွင်EUနိုင်ငံများအနေဖြင့် ကော်ဖီတင်သွင်းမှုသည် ကမ္ဘာ့ဈေးကွက်၏ ဈေးကွက်ဝေစု ၅၀ ဒသမ ၂ ရာခိုင်နှုန်း ရယူထားပါသည်။

သွင်းကုန်ခွန်လေ့လာချက်

**Tariff Rate of Dried, shelled Coffee (excluding roasted and decaffeinated)**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| U S A | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0 |
| Belgium | MFN duties (Applied) | 0 |
| China | MFN duties (Applied) | 0.08 |
| | Preferential tariff for 2 Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0.05 |
| India | MFN duties (Applied) | 1 |
| | Preferential tariff for ASEAN countries | 0.45 |
| Germany | MFN duties (Applied) | 0 |
| Viet Nam | MFN duties (Applied) | 0.15 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| U A E | MFN duties (Applied) | 0 |
| Singapore | MFN duties (Applied) | 0 |
| Yemen | MFN duties (Applied) | 0.25 |
| Turkiye | MFN duties (Applied) | 0.08 |
| | Preferential tariff for Least Developed Countries | 0.06 |
| Taipei chinese | MFN duties (Applied) | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0 |
| Saudi Arabia | MFN duties (Applied) | 0 |
| Thailand | MFN duties (Applied) | 0.9 |
| | Preferential tariff for ASEAN countries | 0.05 |
| Russian Federation | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Spain | MFN duties (Applied) | 0 |

Source: Market Access Map

၂၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အမေရိကန်၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ယူအေအီး၊ စင်ကာပူ၊ အီတလီ၊ ဆော်ဒီအာရေဗျ၊ ပြင်သစ်၊ စပိန်၊ ရုရှားတို့သည် MFN duties သုည ရာခိုင်နှုန်း၊ တရုတ်က MFN duties သုညဒသမ ၀၈ ရာခိုင်နှုန်း၊ LDC Countries သုညရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၀၅ ရာခိုင်နှုန်း၊ အိန္ဒိယက MFN duties ၁ ရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၄၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က MFN duties သုညဒသမ ၁၅ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries သုညရာခိုင်နှုန်း၊ ယီမင်က MFN duties သုညဒသမ ၂၅ ရာခိုင်နှုန်း၊ တူကီယဲက MFN duties သုညဒသမ ၀၈ ရာခိုင်နှုန်း၊ LDC Countries သုညဒသမ ၀၆ ရာခိုင်နှုန်း၊ တရုတ်(တိုင်ပေ)က MFN duties သုညရာခိုင်နှုန်း၊ LDC Countries သုည ရာခိုင်နှုန်း၊ ထိုင်းက MFN duties သုညဒသမ ၉ ရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၀၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိ ရသည်။

### အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ်ဈေးကွက်

**Fig 11: Top 10 world exporters to China in 2023**

| No | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in China's imports (%) |
|---|---|---|---|---|---|
| 1 | Brazil | 221128 | 59592 | 3711 | 36 |
| 2 | Ethiopia | 144097 | 22328 | 6454 | 23.5 |
| 3 | Colombia | 108501 | 21283 | 5098 | 17.7 |
| 4 | Indonesia | 34791 | 9255 | 3759 | 5.7 |
| 5 | Viet Nam | 31596 | 14062 | 2247 | 5.1 |
| 6 | Guatemala | 20156 | 3681 | 5476 | 3.3 |
| 7 | Uganda | 10379 | 3389 | 3063 | 1.7 |
| 8 | Papua New Guinea | 8528 | 2049 | 4162 | 1.4 |
| 9 | Panama | 8197 | 167 | 49084 | 1.3 |
| 10 | Costa Rica | 5023 | 664 | 7565 | 0.8 |
| 27 | Myanmar | 32 | 31 | 1032 | 0 |

Source: ITC Trade Map

၂၁။ တရုတ်နိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးမှ အများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည် အဆင့်(၂၇)တွင်ပါဝင်သော်လည်း တရုတ်နိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်းတို့အပြင် အာရှနိုင်ငံများတွင်လည်း ကော်ဖီတင်သွင်းမှုသည် ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၅၀၃ ဒသမ ၇၉၁ သန်း မှ ၂၀၂၃ခုနှစ်တွင် ကန်ဒေါ်လာ ၆၁၃ ဒသမ ၉၉၈ သန်းထိ တိုးလာခြင်းနှင့် အရေအတွက်အားဖြင့်ကြည့်ပါကလည်း ၂၀၂၂ခုနှစ်တွင် ၁၀၈၂၆၀ တန်မှ ၂၀၂၃ခုနှစ်တွင် ၁၃၉၈၅၇ တန်ထိ တိုးလာခြင်းတို့ကြောင့် မူလဈေးကွက်ကို ထပ်မံတိုးချဲ့တင်ပို့သင့်ပါသည်။

## ဘယ်လ်ဂျီယံဈေးကွက်

### Fig 12: Top 10 world exporters to Belgium in 2023

| NO | Exporters | Value imported in 2023 (USD thousand) | Share in Belgium's imports (%) | Quantity imported in 2023 | Unit value (USD/unit) |
|---|---|---|---|---|---|
| 1 | Brazil | 291913 | 25.5 | 78907 | 3699 |
| 2 | Viet Nam | 149624 | 13.1 | 57866 | 2586 |
| 3 | Honduras | 125896 | 11 | 27559 | 4568 |
| 4 | Colombia | 79421 | 6.9 | 14202 | 5592 |
| 5 | Peru | 71472 | 6.2 | 14062 | 5083 |
| 6 | Ethiopia | 53675 | 4.7 | 8615 | 6230 |
| 7 | Nicaragua | 38535 | 3.4 | 8005 | 4814 |
| 8 | Guatemala | 36944 | 3.2 | 7265 | 5085 |
| 9 | India | 36027 | 3.1 | 10343 | 3483 |
| 10 | Papua New Guinea | 35664 | 3.1 | 6298 | 5663 |
| 38 | Myanmar | 692 | 0.1 | 142 | 4873 |

Source: ITC Trade Map

၂၂။ ဘယ်လ်ဂျီယံနိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၂၅ ဒသမ ၅ ရာခိုင်နှုန်း ဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည် အဆင့်(၃၈) တွင်ရှိသော်လည်း ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ၎င်းထိပ်တန်းနိုင်ငံများတွင်လည်း ၂၀၂၂ ခုနှစ် တွင်ရရှိထားသော အဆင့်(၅)အား ဆက်လက်ထိန်းသိမ်းထားရှိနိုင်ခြင်းနှင့် အခွန်နည်းပါးခြင်းတို့ကြောင့် မူလဈေးကွက် ကိုပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ဂျာမနီ ဈေးကွက်

### Fig 13: Top 10 world exporters to Germany in 2023

| NO | List of supplying markets for the product imported by Germany in 2023 | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Germany's imports (%) |
|---|---|---|---|---|---|
| 1 | Brazil | 1389474 | 369931 | 3756 | 38.7 |
| 2 | Viet Nam | 522450 | 216125 | 2417 | 14.5 |
| 3 | Honduras | 353659 | 77951 | 4537 | 9.8 |
| 4 | Colombia | 223841 | 42354 | 5285 | 6.2 |
| 5 | Uganda | 167628 | 54148 | 3096 | 4.7 |
| 6 | Peru | 166968 | 35412 | 4715 | 4.6 |
| 7 | Ethiopia | 125185 | 26284 | 4763 | 3.5 |
| 8 | India | 120293 | 35177 | 3420 | 3.3 |
| 9 | Papua New Guinea | 53959 | 11584 | 4658 | 1.5 |
| 10 | Indonesia | 50621 | 16284 | 3109 | 1.4 |
| 64 | Myanmar | 33 | 3 | 11000 | |

Source: ITC Trade Map

၂၃။ ဘရာဇီးလ်နိုင်ငံသည် ဂျာမနီနိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစု ၃၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့်(၆၄)တွင် ရှိသော်လည်း ဂျာမနီနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ၎င်းထိပ်တန်းနိုင်ငံများတွင်လည်း ၂၀၂၂ ခုနှစ် တွင်ရရှိထားသော အဆင့်(၂)အား ၂၀၂၃ခု နှစ်ထိ ဆက်လက်ထိန်းသိမ်း ထားရှိနိုင်ခြင်း နှင့် အခွန်နည်းပါးခြင်း စသည်တို့ကြောင့် မူလဈေးကွက် ကိုပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ဂျပန်ဈေးကွက်

**Fig 14: Top 10 world exporter to Japan in 2023**

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Japan's imports (%) |
|---|---|---|---|---|---|
| 1 | Brazil | 475736 | 123795 | 3843 | 33.4 |
| 2 | Viet Nam | 239883 | 98726 | 2430 | 16.8 |
| 3 | Colombia | 178326 | 33132 | 5382 | 12.5 |
| 4 | Guatemala | 125901 | 21780 | 5781 | 8.8 |
| 5 | Ethiopia | 91450 | 15549 | 5881 | 6.4 |
| 6 | Indonesia | 67257 | 16163 | 4161 | 4.7 |
| 7 | Tanzania, United Republic of | 58536 | 12287 | 4764 | 4.1 |
| 8 | Honduras | 57864 | 11215 | 5160 | 4.1 |
| 9 | Peru | 19106 | 3532 | 5409 | 1.3 |
| 10 | Nicaragua | 12737 | 2077 | 6132 | 0.9 |
| 28 | Myanmar | 793 | 112 | 7080 | 0.1 |

Source: ITC Trade Map

၂၄။ ဘရာဇီးလ်နိုင်ငံသည် ဂျပန်နိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစု ၃၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံး ရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့် (၂၈)တွင်ရှိသော်လည်း ဂျပန်နိုင်ငံ သည်အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ၎င်းထိပ်တန်းနိုင်ငံများတွင်လည်း ၂၀၂၂ ခုနှစ် တွင်ရရှိထားသော အဆင့်(၁)အား ဆက်လက်ထိန်းသိမ်း ထားရှိနိုင်ခြင်း၊ ဈေးကွက်ဝေစု တိုးမြင့်လာခြင်းနှင့် အခွန်နည်းပါးခြင်း စသည်တို့ကြောင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့် ပါသည်။

## ဆော်ဒီအာရေဗျစျေးကွက်

### Fig 15: Top 10 world exporter to Saudi Arabia in 2023

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Saudi Arabia's imports (%) |
|---|---|---|---|---|---|
| 1 | Ethiopia | 238983 | 55535 | 4303 | 54.5 |
| 2 | United States of America | 30330 | 3166 | 9580 | 6.9 |
| 3 | Brazil | 28285 | 7660 | 3693 | 6.4 |
| 4 | Colombia | 22289 | 3297 | 6760 | 5.1 |
| 5 | India | 19264 | 4820 | 3997 | 4.4 |
| 6 | Italy | 15506 | 1430 | 10843 | 3.5 |
| 7 | Netherlands | 15203 | 1154 | 13174 | 3.5 |
| 8 | Switzerland | 10375 | 265 | 39151 | 2.4 |
| 9 | France | 8157 | 708 | 11521 | 1.9 |
| 10 | United Kingdom | 7438 | 571 | 13026 | 1.7 |
| 41 | Myanmar | 163 | 16 | 10188 | |

Source: ITC Trade Map

၂၅။ အီသီယိုးပီးယားနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံစျေးကွက်သို့ စျေးကွက်ဝေစု ၅၄ ဒသမ ၅ ရာခိုင်နှုန်း အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၄၁)တွင် ရှိသော်လည်း ဆော်ဒီအာရေဗျနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ၎င်းထိပ်တန်း နိုင်ငံများတွင်လည်း ၂၀၂၂ ခုနှစ်တွင်ရရှိထားသော အဆင့်(၇)မှ အဆင့်(၅)သို့ တိုးလာခြင်း၊ စျေးကွက်ဝေစု တိုးမြင့်လာခြင်းနှင့် အခွန်နည်းပါးခြင်း စသည်တို့ကြောင့် မူလစျေးကွက်ကို ပိုမို တိုးချဲ့တင်ပို့သင့်ပါသည်။

## ထိုင်း စျေးကွက်

### Fig 16: Top 10 world exporter to Thailand in 2023

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Thailand's imports (%) |
|---|---|---|---|---|---|
| 1 | Viet Nam | 126774 | 43984 | 2882 | 58.9 |
| 2 | Indonesia | 31899 | 10010 | 3187 | 14.8 |
| 3 | Lao People's Democratic Republic | 31705 | 8156 | 3887 | 14.7 |
| 4 | Malaysia | 11393 | 765 | 14893 | 5.3 |
| 5 | Switzerland | 6269 | 208 | 30139 | 2.9 |
| 6 | Australia | 1839 | 125 | 14712 | 0.9 |
| 7 | Italy | 1385 | 81 | 17099 | 0.6 |
| 8 | United States of America | 1254 | 59 | 21254 | 0.6 |
| 9 | Brazil | 928 | 260 | 3569 | 0.4 |
| 10 | Colombia | 414 | 74 | 5595 | 0.2 |

Source: ITC Trade Map

၂၆။ ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစု ၅၈ ဒသမ ၉ ရာခိုင်နှုန်း ဖြင့် အများဆုံးရရှိထားပါသည်။ ထိုင်းနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်ထပ်မံတိုးချဲ့သင့်ပါသည်။

### အိန္ဒိယ ဈေးကွက်

**Fig 17: Top 10 world exporter to India in 2023**

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in India's imports (%) |
|---|---|---|---|---|---|
| 1 | Viet Nam | 61344 | 29152 | 2104 | 31.9 |
| 2 | Uganda | 54349 | 26943 | 2017 | 28.2 |
| 3 | Indonesia | 54001 | 25714 | 2100 | 28.1 |
| 4 | Kenya | 8238 | 3956 | 2082 | 4.3 |
| 5 | Tanzania, United Republic of | 4290 | 2180 | 1968 | 2.2 |
| 6 | Brazil | 2560 | 912 | 2807 | 1.3 |
| 7 | Guinea | 2327 | 1087 | 2141 | 1.2 |
| 8 | India | 1203 | 270 | 4456 | 0.6 |
| 9 | Honduras | 700 | 258 | 2713 | 0.4 |
| 10 | Italy | 686 | 66 | 10394 | 0.4 |

Source: ITC Trade Map

၂၇။ ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစုအဖြစ် ၃၁ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ အိန္ဒိယနိုင်ငံသည် အာရှတင်ပို့မှုတွင် ထိပ်တန်းနိုင်ငံအဖြစ် နှစ်စဉ်ပါဝင်နေခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ဈေးကွက်အား လေ့လာသင့်ပါသည်။

### စင်္ကာပူ ဈေးကွက်

**Fig 18: Top 10 world exporter to Singapore in 2023**

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in India's imports (%) |
|---|---|---|---|---|---|
| 1 | Viet Nam | 61344 | 29152 | 2104 | 31.9 |
| 2 | Uganda | 54349 | 26943 | 2017 | 28.2 |
| 3 | Indonesia | 54001 | 25714 | 2100 | 28.1 |
| 4 | Kenya | 8238 | 3956 | 2082 | 4.3 |
| 5 | Tanzania, United Republic of | 4290 | 2180 | 1968 | 2.2 |
| 6 | Brazil | 2560 | 912 | 2807 | 1.3 |
| 7 | Guinea | 2327 | 1087 | 2141 | 1.2 |
| 8 | India | 1203 | 270 | 4456 | 0.6 |
| 9 | Honduras | 700 | 258 | 2713 | 0.4 |
| 10 | Italy | 686 | 66 | 10394 | 0.4 |

Source: ITC Trade Map

၂၈။ ဗီယက်နမ်နိုင်ငံသည် စင်္ကာပူနိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစုအဖြစ်၃၁ ဒသမ ၉ ရာခိုင်နှုန်းဖြင့်ဈေးကွက်ဝေစု အများဆုံးရရှိထားပါသည်။ စင်ကာပူနိုင်ငံသည် အာရှတင်ပို့မှုတွင် ထိပ်တန်းနိုင်ငံအဖြစ် နှစ်စဉ်ပါဝင်နေခြင်းကြောင့် စင်ကာပူနိုင်ငံ၏ဈေးကွက်အား လေ့လာသင့်ပါသည်။

## ဗီယက်နမ် ဈေးကွက်

### Fig 19: Top 10 world exporter to Viet Nam in 2023

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in Viet Nam's imports (%) |
|---|---|---|---|---|---|
| 1 | Brazil | 25326 | 8182 | 3095 | 25.3 |
| 2 | Indonesia | 21592 | 9765 | 2211 | 21.6 |
| 3 | Netherlands | 12680 | 1890 | 6709 | 12.7 |
| 4 | Germany | 10330 | 1812 | 5701 | 10.3 |
| 5 | Colombia | 9655 | 1994 | 4842 | 9.7 |
| 6 | United Kingdom | 2736 | 1359 | 2013 | 2.7 |
| 7 | China | 2463 | 1159 | 2125 | 2.5 |
| 8 | Singapore | 2423 | 473 | 5123 | 2.4 |
| 9 | Uganda | 2215 | 992 | 2233 | 2.2 |
| 10 | India | 2188 | 787 | 2780 | 2.2 |

Source: ITC Trade Map

၂၉။ ဘရာဇီးလ်သည် ဗီယက်နမ်နိုင်ငံဈေးကွက်သို့ ဈေးကွက်ဝေစုအဖြစ် ၂၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့်ဈေးကွက်ဝေစု အများဆုံးရရှိထားပါသည်။ ဗီယက်နမ်နိုင်ငံသည် အာရှတင်ပို့မှုတွင် ထိပ်တန်းနိုင်ငံအဖြစ် နှစ်စဉ်ပါဝင်နေခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ဈေးကွက်အား လေ့လာသင့်ပါသည်။

## အမေရိကန် ဈေးကွက်

### Fig 20: Top 10 world exporter to United States of America in 2023

| NO | Exporters | Value imported in 2023 (USD thousand) | Quantity imported in 2023 | Unit value (USD/unit) | Share in United States of America's imports (%) |
|---|---|---|---|---|---|
| 1 | Brazil | 1410986 | 344139 | 4100 | 17.2 |
| 2 | Colombia | 1407192 | 255558 | 5506 | 17.2 |
| 3 | Switzerland | 1137638 | 19897 | 57176 | 13.9 |
| 4 | Canada | 570258 | 50943 | 11194 | 7 |
| 5 | Honduras | 472567 | 96120 | 4916 | 5.8 |
| 6 | Guatemala | 465867 | 76558 | 6085 | 5.7 |
| 7 | Nicaragua | 369695 | 69735 | 5301 | 4.5 |
| 8 | Mexico | 368709 | 71696 | 5143 | 4.5 |
| 9 | Viet Nam | 365751 | 142931 | 2559 | 4.5 |
| 10 | Indonesia | 277760 | 42443 | 6544 | 3.4 |
| 73 | Myanmar | 233 | 27 | 8630 | |

Source: ITC Trade Map

၃၀။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံ အဆင့်(၁) အဖြစ် နှစ်စဉ်ရပ်တည်နေခြင်း၊ အခွန်နည်းပါးခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာနိုင်ငံသည် အဆင့်(၇၃)တွင် ပါဝင်သဖြင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် ဆောင်ရွက်သင့်ပါသည်။

## ကော်ဖီ(အစိမ်းစေ့)ကုန်သွယ်မှုအခြေအနေ

**Fig 21: ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ကုန်သွယ်မှုအခြေအနေ**

တန်ဖိုး- ကန်ဒေါ်လာသန်း

| စဉ် | လအမည် | ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၉၇၈.၁၀ | ၄.၂၅၉ |
| ၂ | ဖေဖော်ဝါရီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၁၅.၀၀ | ၀.၈၃၅ |
| ၃ | မတ်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၀၃.၉၉ | ၀.၁၂၇ |
| ၄ | ဧပြီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၉၁.၈၅ | ၀.၃၃၂ |
| ၅ | မေလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၁၇၁.၂၂ | ၀.၅၂၈ |
| ၆ | ဇွန်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၁၇.၀၁ | ၀.၅၀၁ |
| ၇ | ဇူလိုင်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၀၇.၈၄ | ၀.၆ |
| ၈ | ဩဂုတ်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၁၀၅.၅၇ | ၀.၂၅၄ |
| ၉ | စက်တင်ဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၅၈.၈၂ | ၀.၉၀၅ |
| ၁၀ | အောက်တိုဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၇၃.၇၆ | ၀.၃၆၁ |
| ၁၁ | နိုဝင်ဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၈၈.၃၂ | ၀.၃၈၇ |
| ၁၂ | ဒီဇင်ဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၁၉၈.၀၅ | ၀.၈၁၉ |
| | စုစုပေါင်း | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၈၀၉.၅၃၄ | ၉.၉၀၈ |

Source; Tradeta.moc.local

## မြန်မာနိုင်ငံမှ ပြည်ပသို့ကော်ဖီ(အစိမ်းစေ့)တင်ပို့မှု

၃၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီ (အစိမ်းစေ့) တင်ပို့မှု စုစုပေါင်း ကန်ဒေါ်လာ ၉ ဒသမ ၉၀၈ သန်းဖိုးနှင့် အရေအတွက် ၂၈၀၉ ဒသမ ၅၃၄ တန်ကျော် တင်ပို့လျက်ရှိသည်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ပေးပို့သော Data အရ သိရသည်။

၃၂။ ဒီဇင်ဘာလတွင် ကန်ဒေါ်လာ ၄ ဒသမ ၂၅၉ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၉၇၈ ဒသမ ၁ တန်ကျော်ဖြင့် ကော်ဖီ(အစိမ်းစေ့)အများဆုံး တင်ပို့ထားသည်ကိုတွေ့ရှိရပါသည်။ စက်တင်ဘာလ တွင် ကန်ဒေါ်လာ သုည ဒသမ ၉၀၅ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၂၅၈

ဒသမ ၈၂ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ ဖေဖော်ဝါရီလတွင် ကန်ဒေါ်လာ သုည ဒသမ ၈၃၅ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၂၁၅ တန်ကျော်ဖြင့် တတိယအများဆုံး တင်ပို့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**မြန်မာ့ကော်ဖီစေ့အား ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတင်ပို့မှု**

၃၃။ Tradedata.moc.local အရ မြန်မာ့ကော်ဖီစေ့ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတင်ပို့မှုအခြေအနေများအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 22: ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ကော်ဖီစေ့ ပြည်ပတင်ပို့မှုဇယား**

တန်ဖိုး-ကန်ဒေါ်လာသန်း

| စဉ် | ခုနှစ် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၉ | မတန် | ၄၇၄.၇၂၃ | ၂.၀၀၄ | ၅၈၅.၇၅ | ၀.၆၇၄ | ၁၀၆၀.၄၇၃ | ၂.၆၇၈ |
| ၂ | ၂၀၂၀ | မတန် | ၄၂၀.၅၁၁ | ၁.၉၇၇ | ၃၅၂.၃ | ၀.၄၆၉ | ၇၇၂.၈၁၁ | ၂.၄၄၆ |
| ၃ | ၂၀၂၁ | မတန် | ၇၂၃.၈၈၈ | ၂.၉၆ | ၆၈၂. | ၀.၈၀၄ | ၁၄၀၅.၈၈၈ | ၃.၇၆၄ |
| ၄ | ၂၀၂၂ | မတန် | ၇၄၀.၂၂၁ | ၃.၅၉၅ | ၂၇၈၉.၃၈၇ | ၉.၆၃၅ | ၃၅၂၉.၆၀၈ | ၁၃.၂၃ |
| ၅ | ၂၀၂၃ | မတန် | ၄၁၆.၆၆ | ၂.၂၂၅ | ၂၃၈၉.၈၇ | ၇.၆၈၃ | ၄၁၈.၈၈၅ | ၉.၉၀၈ |
| | စုစုပေါင်း | မတန် | ၂၇၇၆.၀၀၃ | ၁၂.၇၆၁ | ၆၇၉၉.၃၀၇ | ၁၉.၂၆၅ | ၇၁၈၇.၆၆၅ | ၃၂.၀၂၆ |

Source; Tradeta.moc.local

၃၄။ Tradedata.Export (MOC-E-2-A) အရ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ် (၅) နှစ်တာကာလအတွင်း မြန်မာ့ကော်ဖီစေ့ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်တို့မှ စုစုပေါင်းတန်ချိန် ၇၁၈၇ ဒသမ ၆၆၅ တန်နှင့် တန်ဖိုးကန်ဒေါ်လာ ၃၂ ဒသမ ၀၂၆ သန်းဖိုးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက်နှင့် နိုင်ငံအလိုက်ကော်ဖီစေ့တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း +နယ်စပ်)**

၃၅။ ဘဏ္ဍာနှစ်အလိုက်၊ နိုင်ငံအလိုက် မြန်မာ့ကော်ဖီ အများဆုံးတင်ပို့မှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Fig 23: မြန်မာကော်ဖီအား ဘဏ္ဍာနှစ်အလိုက်၊ နိုင်ငံအလိုက်တင်ပို့မှု အခြေအနေပြဇယား**

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | ၂၀၂၃-၂၀၂၄ | | ၂၀၂၄-၂၀၂၅ (၁၄-၆-၂၀၂၄)ထိ | |
|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | CHINA | ၇၄၀ | ၀.၉၆၆ | ၃၂၀ | ၀.၆၅၅ |
| | OVERSEA | | | | |
| | BORDER | ၇၄၀ | ၀.၉၆၆ | ၃၂၀ | ၀.၆၅၅ |
| ၂ | THAILAND | ၁၃၁၄ | ၅.၁၇၅ | ၁၃၆ | ၀.၃၅၆ |
| | OVERSEA | ၂၀ | ၀.၀၄၈ | | |
| | BORDER | ၁၂၉၄ | ၅.၁၂၇ | ၁၃၆ | ၀.၃၅၆ |
| ၃ | AUSTRALIA | ၁၁ | ၀.၀၆၆ | | |
| ၄ | BELGIUM | ၁၅၇ | ၀.၇၂၀ | | |
| ၅ | CANADA | ၄ | ၀.၀၃၉ | | |
| ၆ | GERMANY, FEDERAL REPUBLIC OF | ၁ | ၀.၀၀၅ | | |
| ၇ | JAPAN | ၁၀၇ | ၀.၅၁၈ | ၄၈ | ၀.၁၈၁ |
| ၈ | KOREA, REPUBLIC OF | ၁၂ | ၀.၀၃၉ | ၁ | ၀.၀၀၆ |
| ၉ | MALAYSIA | ၅ | ၀.၀၁၀ | | |
| ၁၀ | NETHERLANDS | ၁၅ | ၀.၁၃၆ | | |
| ၁၁ | SAUDI ARABIA | ၁၆ | ၀.၁၆၃ | | |
| ၁၂ | SINGAPORE | ၆ | ၀.၀၄၆ | ၁၅ | ၀.၀၃၅ |
| ၁၃ | SPAIN | ၁ | ၀.၀၀၆ | | |
| ၁၄ | TAIWAN | ၇ | ၀.၀၃၀ | | |
| ၁၅ | UNITED ARAB EMIRATES | ၂ | ၀.၀၁၉ | | |
| ၁၆ | UNITED KINGDOM | ၅၁ | ၀.၂၄၈ | | |
| ၁၇ | UNITED STATES OF AMERICA | ၂၇ | ၀.၂၁၇ | | |
| ၁၈ | VIET NAM | | | ၁ | ၀.၀၀၆ |
| | စုစုပေါင်း | ၂၄၇၇ | ၈.၄၀၄ | ၅၂၀ | ၁.၂၃၉ |

Source: Customs

## မြန်မာ့ကော်ဖီ အများဆုံးတင်ပို့သည့် ကုမ္ပဏီ (၁၀)ခုစာရင်း ( ၂၀၂၂-၂၀၂၃ )ဘဏ္ဍာနှစ်

၃၆။ (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်အတွက် မြန်မာ့ကော်ဖီ အများဆုံးတင်ပို့သော ကုမ္ပဏီများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Fig 24: List of Export Company Limited by Myanmar**

| စဉ် | ကုမ္ပဏီ | ရေတွက်ပုံ | အရေအတွက် | ကန်ဒေါ်လာ |
|---|---|---|---|---|
| 1 | M L K COMPANY LIMITED | TNE | 1,403.29 | 5591272.65 |
| 2 | BLACK SHEET COMPANY LIMITED | TNE | 1,176.00 | 5104934.42 |
| 3 | RUBY SNAKE COMPANY LIMITED | TNE | 735 | 3156771.3 |
| 4 | GREEN GOLD COFFEE FARMING GENERAL CO-OPERATIVE SOCIETY LIMITED. | TNE | 180.93 | 1062261.99 |
| 5 | YWANGAN AMAYAR COMPANY LIMITED. | TNE | 107.83 | 910534.98 |
| 6 | MANDALAY COFFEE GROUP COMPANY LIMITED. | TNE | 149.29 | 830237.31 |
| 7 | GREAT NINE STAR COMPANY LIMITED | TNE | 150 | 205500 |
| 8 | TOP MTP COMPANY LIMITED | TNE | 25 | 105113.8 |
| 9 | BLESS WORLD CO.,LTD. | TNE | 45.65 | 102780 |
| 10 | AUNG NAY LIN HTUN CO., LTD | TNE | 18.42 | 93150 |

Source: Trade Data- New. Moc. Local

## မြန်မာနိုင်ငံအတွက် ဈေးကွက်များလေ့လာခြင်း

၃၇။ ကမ္ဘာပေါ်တွင် ကော်ဖီအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ကော်ဖီအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၀ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ထို့ပြင် မြန်မာကော်ဖီအား အများဆုံးတင်သွင်းသည့်နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသောကြောင့် ဆက်လက်ဈေးကွက် ထိုးဖောက်သင့်ပါသည်။

၃၈။ ဒုတိယနေရာရှိ ကမ္ဘာ့ကော်ဖီအများဆုံးဝယ်ယူသောနိုင်ငံဖြစ်သည့် ဂျာမနီက ဈေးကွက်ဝေစု ၁၃ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားပြီး ၂၀၂၃ ခုနှစ်တွင် ကော်ဖီအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း နိုင်ငံများထဲတွင် အဆင့်(၁)နေရာတွင်ပါဝင်လျက်ရှိပါသည်။

၃၉။ တတိယနေရာရှိ ကမ္ဘာ့ကော်ဖီအများဆုံးဝယ်ယူသောနိုင်ငံဖြစ်သည့် အီတလီက ဈေးကွက်ဝေစု ၇ ဒသမ ၈ ရာခိုင်နှုန်း ရရှိထားပြီး EU ဝယ်လိုအားထိပ်တန်းနိုင်ငံများတွင် သာမက EU ရောင်းလိုအားထိပ်တန်းနိုင်ငံများထဲတွင်လည်း ပါဝင်ခဲ့ပါသည်။ ပြည်တွင်းစားသုံးမှုအတွက် ပြည်ပမှတင်သွင်းပြီး Re-Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၄၀။ စတုတ္ထနေရာတွင်ရှိသော ကမ္ဘာ့ကော်ဖီအများဆုံး တင်သွင်းခဲ့သည့် ဂျပန်နိုင်ငံသည် မြန်မာ့ကော်ဖီ အများဆုံးတင်သွင်းခဲ့သည့် နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသောကြောင့် ဆက်လက်၍ ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၄၁။ တစ်ဖန် ဘယ်လ်ဂျီယံနှင့် နယ်သာလန် နိုင်ငံတို့သည် ကော်ဖီအများဆုံးတင်သွင်းရာ၌ ကမ္ဘာ့ဝယ်လိုအားနှင့် EU ဝယ်လိုအား တို့တွင်ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာ့ကော်ဖီအား အများဆုံး တင်ပို့သည့် ထိပ်တန်းနိုင်ငံများဖြစ်ခြင်းကြောင့် မူရင်းဈေးကွက်အား မပျောက်ပျက် စေရုံမျှမက ထပ်မံတိုးချဲ့ထိုးဖောက်သင့်ပါသည်။

၄၂။ ဆွစ်ဇာလန်၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့သည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံများ (World Importers)သာမက EU ဝယ်လိုအားထိပ်တန်းနိုင်ငံများ (Europe Importers)နှင့် EUရောင်းလိုအား ထိပ်တန်းနိုင်ငံများ (Europe Exporters) နှစ်မျိုးစလုံးတွင် ပါဝင်ကြောင်း ITC Trade Map Data အရတွေ့ရှိရပါသည်။ ပြည်တွင်းစားသုံးမှုအတွက် ပြည်ပမှတင်သွင်းပြီး Re-Export ဆောင်ရွက် နေသည်ဟု သုံးသပ်ရပါသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများ၏ ဈေးကွက်ဗျူဟာများ၊ နည်းပညာ နှင့် Trade technology များ လေ့လာကာ ဈေးကွက်မြှင့်တင်သင့်ပါသည်။

၄၃။ မြန်မာနိုင်ငံအနေဖြင့်ကြည့်ပါကလည်း ကမ္ဘာ့ကော်ဖီအများဆုံးတင်သွင်းသောနိုင်ငံများ (၂၀၈)နိုင်ငံရှိသည့်အနက် အဆင့် (၁၂၈)ဖြစ်ခြင်း၊ ကမ္ဘာ့ကော်ဖီအများဆုံးတင်ပို့သောနိုင်ငံများ (၁၅၀)နိုင်ငံရှိသည့်အနက် အဆင့်(၄၉)ဖြစ်ခြင်း၊ အာရှကော်ဖီအများဆုံးတင်သွင်းသောနိုင်ငံများ (၄၈)နိုင်ငံရှိသည့်အနက်အဆင့်(၄၁)ဖြစ်ခြင်း၊ အာရှကော်ဖီအများဆုံးတင်ပို့သောနိုင်ငံများတွင် (၃၇) နိုင်ငံရှိသည့်အနက် အဆင့်(၁၀)ဖြစ်ခြင်းတို့အား ITC Trade Map Data အရ တွေ့ရှိရပါသည်။

၄၄။ မြန်မာနိုင်ငံသို့ ကော်ဖီအများဆုံး တင်ပို့သည့်နိုင်ငံများ(Exporters)မှာ ဗီယက်နမ်နှင့် ထိုင်း နိုင်ငံတို့ ဖြစ်ကြသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံသည် ကော်ဖီအများဆုံးတင်ပို့ရာတွင် ကမ္ဘာ့ထိပ်တန်း အဆင့်နှင့် အာရှထိပ်တန်းအဆင့်ဖြစ်ကြောင်း ITC Trade Map Data အရ တွေ့ရှိရပါသည်။ ကော်ဖီအများဆုံးတင်ပို့မှုတွင် ကမ္ဘာ၊ အာရှနှင့် မြန်မာတို့တွင် ထိပ်တန်းအဆင့် ဖြစ်သော ဗီယက်နန်နိုင်ငံ၏ တင်သွင်းမှုနည်းပညာ၊ ဈေးကွက်တို့အား လေ့လာသင့်ပါသည်။

၄၅။ မြန်မာ့ကော်ဖီအား အများဆုံးဝယ်ယူသည့်နိုင်ငံများ (Importers) မှာ ထိုင်း၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ တရုတ်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ နယ်သာလန်၊ ဩစတြေးလျနှင့် စင်္ကာပူနိုင်ငံများသို့အများဆုံးတင်ပို့လျက်ရှိပါသည်။ ၎င်းတို့အနက် မြန်မာနိုင်ငံမှ ထိုင်းသို့တင်ပို့မှုတွင် အဆင့်(၄၇)၊ ဘယ်လ်ဂျီယံသို့တင်ပို့မှုတွင် အဆင့်(၃၈)၊ ဂျပန်သို့တင်ပို့မှုတွင် အဆင့်(၂၈))၊ တရုတ်သို့တင်ပို့မှုတွင်အဆင့်(၂၇)၊ အမေရိကန်သို့တင်ပို့မှုတွင် အဆင့်(၇၃)၊ ဆော်ဒီ အာရေဗျသို့တင်ပို့မှုတွင် အဆင့်(၄၁)၊ စင်္ကာပူသို့တင်ပို့မှုတွင် အဆင့်(၃၅)၊ ဂျာမဏီသို့တင်ပို့မှု တွင် အဆင့်(၆၄) ၊ အိန္ဒိယသို့တင်ပို့မှုတွင် အဆင့် (၁၁၀)နှင့် ဗီယက်နမ်သို့တင်ပို့မှုတွင် အဆင့် (၆၆) နေရာများတွင် စာရင်းဝင်လျက်ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

၄၆။ ကော်ဖီသည် ကမ္ဘာ့ကုန်စည်စျေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့်သီးနှံကုန်စည်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကစိုက်ပျိုး ကြပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများပြားသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက ရှာဖွေပေးနိုင်သည့်လုပ်ငန်း ဖြစ်သည်။

၄၇။ မြန်မာ့ကော်ဖီကို ပြည်တွင်း၌ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများမှ ဝယ်ယူမှုများရှိနေသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အာရေဗီးကားကော်ဖီစေ့ကို ၇၀ ရာခိုင်နှုန်း အသုံးပြုကြကြောင်း၊ ရိုဘတ်စတာကော်ဖီစေ့ကို အသုံးပြုမှုနည်းသော်လည်း အခါးဓာတ်များ၍ ကဖိန်းဓာတ်နှစ်ဆပိုသဖြင့် နှစ်သက်သူများလာကြောင်းသိရှိရသည်။ မြန်မာ့ကော်ဖီကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများမှလည်း ဝယ်ယူမှုများရှိနေသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်းစျေးကွက်ကိုလေ့လာကြည့်ပါက ပြင်ဦးလွင်ဒေသနှင့်ရှာင်ဒေသတို့မှထွက်ရှိသည့် မြန်မာ့အာရေဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Special Coffee) အဆင့်တွင်ရှိပြီး၊ ကော်ဖီစျေးနှုန်းသည် လည်းသင့်တင့်သည့်စျေးနှုန်းများ ရရှိလာခဲ့ပြီဖြစ်သည်။ ရိုဘတ်စတာကော်ဖီသည်လည်း အာရေဗီးကားကော်ဖီကဲ့သို့ နှစ်သက်သူများလာပြီး စိုက်ပျိုးမှုအထွက်နှုန်းမှာ များစွာကောင်းမွန်ခြင်း တို့ကြောင့်လည်းကောင်း၊ ကော်ဖီဆိုင်များနှင့် ကော်ဖီစစ်သောက်သုံးသူများ တဖြည်းဖြည်းများပြားလာခြင်းတို့ကြောင့်လည်းကောင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးလာပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိလာကာ ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်း စေနိုင်မည်ဖြစ်သည်။

၄၈။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် မြန်မာနိုင်ငံကော်ဖီအသင်းကို ၂၀၁၃ ခုနှစ်က စတင်ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ပြီး၊ မြန်မာ့ကော်ဖီစျေးကွက်ကို အလေးထားအသိအမှတ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံကော်ဖီအသင်းနှင့်တွေ့ဆုံကာ မြန်မာ့ကော်ဖီစျေးကွက်မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံကော်ဖီအသင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် ရောင်းချသူများအတွက် ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲများကျင်းပပေးခြင်း၊ ကော်ဖီအရည်အသွေးမြှင့် သင်တန်းများနှင့် အခြားနည်းပညာဆိုင်ရာ သင်တန်းများဖွင့်ခြင်း၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်ပေးသည့်ပွဲများ ကျင်းပပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ စီးပွားရေးပံ့ပိုးပေးသောအဖွဲ့အစည်းဖြစ်ပါသည်။

၄၉။ မြန်မာ့ကော်ဖီအသင်း စတင်ဖွဲ့စည်းချိန်မှစ၍ မြန်မာ့ကော်ဖီစီးပွားရေးတစ်ခုလုံးအတွက် နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးနှင့် မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်ပေးနိုင်ရေးတို့ကို စွမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့်စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Myanmar Coffee Forum အား ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့နှင့် ၂၀၁၉ ခုနှစ်၊ ၁၅ ရက်နေ့တို့တွင် ကျင်းပခဲ့သည်။

၅၀။ မြန်မာနိုင်ငံကော်ဖီဗဟိုအဖွဲ့ကို "မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီအဓိက တင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊ အထူးတန်းဝင်ကော်ဖီရရှိရေး၊ ကြိတ်ခွဲပြုပြင်ခြင်း၊ ကော်ဖီမှုန့်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ရောင်းချခြင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးဆောင်ရွက်ရန်နှင့် ရန်ပုံငွေရရှိရေးတို့ကိုဆောင်ရွက်ရန်"စသည့်အချက်များ ဆောင်ရွက်ရန် ရည်ရွယ်၍ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ ကော်ဖီလုပ်ငန်း Coffee Value Chain တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိပါသည်။

၅၁။ ပြည်တွင်းတွင်ကျင်းပပြုလုပ်သည့် နိုင်ငံတကာကော်ဖီနှင့် ဆက်စပ်ပြပွဲများ၌ ပါဝင်ပြသခဲ့ပြီး Myanmar Coffee Expo နှင့် Myanmar Coffee Festival ပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့သည်။

၅၂။ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် "ဂျပန်နိုင်ငံအထူးတန်းကော်ဖီပြပွဲ" ( ၂၀၂၂ ခုနှစ်)၊ (၂၀၂၃ ခုနှစ်)၊ အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်သော "မီလန်ကမ္ဘာ့ကော်ဖီပြပွဲ" (၂၀၂၂ ခုနှစ်)၊ Greece နိုင်ငံတွင် ကျင်းပပြုလုပ်သော "Athens ကမ္ဘာ့ကော်ဖီပြပွဲ" (၂၀၂၃ ခုနှစ်) တို့တွင် မြန်မာ့ကော်ဖီအား ပါဝင်ပြသခဲ့သည်။

၅၃။ ပြည်တွင်းတွင်လည်း ကော်ဖီသောက်သုံးသည့်အလေ့အထ တိုးတက်နေသဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ရမည်ဖြစ်ပါသည်။ တိုးတက်ထုတ်လုပ်နိုင်မည့်နည်းလမ်းနှင့် ပြည်ပသို့တင်ပို့ရာတွင်လည်း အရည်အသွေး ကောင်းမွန်သောကော်ဖီများတင်ပို့နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၅၄။ ကမ္ဘာပေါ်တွင် ဥရောပ၊ အမေရိကတွင် ကော်ဖီသောက်သုံးမှုပိုမိုများပြားသဖြင့် ထိုဒေသနိုင်ငံများသို့ ပိုမိုတင်ပို့သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ကမ္ဘာ၊ ဥရောပနှင့် အာရှတို့တွင် ဝယ်လိုအားအကောင်းဆုံးဖြစ်ပြီး၊ လက်ရှိတွင်လည်း မြန်မာ့ကော်ဖီအများဆုံးဝယ်ယူသည့် နိုင်ငံများဖြစ်သော ထိုင်း၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန် စသည့်နိုင်ငံများအား ကော်ဖီဈေးကွက်ထိန်းသိမ်းပြီး၊ ဆက်လက်တင်ပို့မှုတိုးတက်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၅၅။ မြန်မာ့ကော်ဖီ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်ဖီအသင်းအဖွဲ့တို့ချိတ်ဆက်၍ ကော်ဖီအထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးကောင်းကော်ဖီမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုး၊ ဖြန့်ဖြူးနိုင်ရန် ပြည်ပကော်ဖီပြပွဲများနှင့် ကုန်စည်ပြပွဲများတွင်ပါဝင်စေခြင်းအပြင် စီးပွားရေးသံမှူးများထံမှ ကော်ဖီနှင့်ပတ်သက်သည့်တင်သွင်းမှုဆိုင်ရာ

သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

၅၆။ အချုပ်အားဖြင့် မြန်မာ့ကော်ဖီသည် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်လာနိုင်ပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် လုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ပြည်ပပညာရှင်များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကော်ဖီမှနိုင်ငံခြား ဝင်ငွေရရှိစေခြင်း၊ ဈေးကွက်မြှင့်တင်မှုဆိုင်ရာ မဟာဗျူဟာနည်းပညာများဖြင့် အစီအစဉ်ချမှတ် ဆောင်ရွက်စေခြင်းနှင့် ကော်ဖီစိုက်ပျိုးသူများအနေဖြင့်လည်း မြန်မာ့ကော်ဖီ၏ အနံ့၊ အရသာ၊ အရောင်အသွေးတို့ကို အလေးထား၍ ကမ္ဘာ့စားသောက်ကုန် ထုတ်လုပ်မှုနည်းစဉ်များနှင့်အညီ ထုတ်လုပ်ကာ အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်မည်ဆိုပါက ကမ္ဘာ့ဈေးကွက်က သိရှိလာမည်ဖြစ်ပါသည်။ မြန်မာ့ကော်ဖီဈေးကွက်သည် ကမ္ဘာ့အလယ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။